အချက်အလက်စာစောင် ၄

# လိင်တန်းတူရှိမှုနှင့် လေးစားမှုရှိခြင်းကို မြှင့်တင်ပေးခြင်း

**အမျိုးသမီးများအပေါ် ထိခိုက်နစ်နာစေသော အယူအဆများကို စိန်ခေါ်ရန်နှင့် မသင့်လျော်ပြီး နှိပ်စက်စေသည့် အပြုအမူကို ဟန့်တားရန် သင် လုပ်နိုင်သည့် အရာ အများအပြား ရှိပါသည်။**

**၎င်းတို့မှာ-**

အသိရှိမှုကို ဖန်တီးပါ- အိမ်တွင်းနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှု (DFSV) နှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် မှားယွင်းသတင်းများ နည်းပါးမှုနှင့် ၎င်း၏ အကြောင်းရင်းများသည် အကြောက်တရားကို ဖြစ်ပေါ်စေပြီး အကြမ်းဖက်မှုနှင့် နှိပ်စက်မှု ကြုံတွေ့နေရသော အမျိုးသမီးများအား အကူအညီတောင်းခံခြင်းမှ ဟန့်တားစေသည်။ ဘာသာရေးနှင့် လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များအနေဖြင့် DFSV ကို ပိုမို နားလည်ရန်နှင့် ၎င်းကို မည်သို့တားဆီးရန် သီးခြား လေ့ကျင့်သင်တန်း တက်ရောက်နိုင်သည်။ သင့်အနေဖြင့် အချက်အလက်စာရွက်များမှ သတင်းအချက်အလက်များကို လူမှုအသိုင်းအဝိုင်း သတင်းစာစောင်များတွင် ထည့်သွင်းနိုင်သည် သို့မဟုတ် ၎င်းသတင်းအချက်အလက်များကို လက်ကမ်းစာစောင်များအဖြစ် ထုတ်ဝေနိုင်သည်၊ လူ့အသိုင်းအဝိုင်း ဗဟုသုတတိုးမြှင့်စေရန် နံရံကပ်ပို့စ်တာများတွင် ပြသထားနိုင်သည်၊ သို့မဟုတ် မြွက်ဟကြေညာချက်အဖြစ် ကြေညာနိုင်သောကြောင့် သင့် လူမှုအသိုင်းအဝိုင်းအနေဖြင့် ပေါင်းသင်းဆက်ဆံရေးများ၌ ဘေးကင်းပြီး လေးစားသော အပြုအမူများနှင့်တကွ အကြမ်းဖက်မှုနှင့် နှိပ်စက်မှုမှ ကင်းဝေးစွာ နေထိုင်ရန် အမျိုးသမီးများ၏ အခွင့်အရေးကို အမျိုးသားများ၏ သုံးစွဲမှုကို မြှင့်တင်ပေးခြင်းနှင့်ပတ်သက်၍ သင်၏ ရပ်တည်မှုအား သင့် လူမှုအသိုင်းအဝိုင်းမှ သိရှိမည်ဖြစ်ပါသည်။

ဆွေးနွေးတိုင်ပင်မှုများ လုပ်ပါ- အမျိုးသားများ၏ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု အသုံးချရေးကို ဟန့်တားရာ၌ DFSV နှင့် လိင်တန်းတူရှိမှု အရေးကြီးပုံ အကြောင်း ပြောဆိုရန် အခွင့်အလမ်းများကို ဖန်တီးပါ။ ၎င်းကို အလွတ်သဘော အုပ်စုငယ် ဆွေးနွေးပွဲများဖြစ်သည့် ဆင့်ဆိုမှုမှတစ်ဆင့် သို့မဟုတ် သင့်လူမှုအသိုင်းအဝိုင်းထံ ကျွမ်းကျင်သူများ လာရောက်ပြောဆိုရန် ဖိတ်ကြားခြင်းမှတစ်ဆင့် လုပ်နိုင်ပါသည်။ သင့် လူမှုအသိုင်းအဝိုင်းရှိ လူတိုင်း- အမျိုးသားများ၊ အမျိုးသမီးများနှင့် လူငယ်လူရွယ်များကို ပါဝင်စေပါ။

အမျိုးသမီးနှင့် အမျိုးသား အကြား လေးစားမှုနှင့် တန်းတူရှိမှုကို သင်၏ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းက မည်သို့ ပြုစုပျိုးထောင်သည်၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အမျိုးသားများနှင့် မည်သို့ ကွာခြားသည်နှင့် ဆုံးဖြတ်ချက်-ချမှတ်ရေးနှင့် ဦးဆောင်မှုတွင် အမျိုးသမီးများအား ပါဝင်လာရန် သင့်အနေဖြင့် မည်သည့်အရာ ပိုမို၍ လုပ်နိုင်သည်တို့ကို စဉ်းစားပါ။

ဆက်သွယ်ဆောင်ရွက်ပါ- အမျိုးသားများနှင့် အမျိုးသမီးများအကြား လေးစားမှုကို မြှင့်တင်ပေးသည့် လူမှုအသိုင်းအဝိုင်း ကနဦးလုပ်ဆောင်ချက်များတွင် ပါဝင်လုပ်ဆောင်ပါ၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျရောက်မည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အမြစ်ဖြတ်သုတ်သင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ နှစ်ပတ်လည်နေ့ (International Day for the Elimination of Violence Against Women) နှင့် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ ၁၆ ရက်တာ ကျင်းပမည့် လိင်-အခြေခံ အကြမ်းဖက်မှု ဆန့်ကျင်ရေး လှုပ်ရှားဝါဒ လှုံ့ဆော်မှုတို့ အပါအဝင်ဖြစ်သည်။ သင့်အနေဖြင့် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့ကိုလည်း သင့် ဘာသာရေးနှင့် လူမှုအသိုင်းအဝိုင်းအပေါ် အမျိုးသမီးများ၏ ပံ့ပိုးမှုကို အောင်ပွဲခံ အခမ်းအနားကျင်းပခြင်းဖြင့် အသိအမှတ်ပြုနိုင်သည်။

အရေးယူလုပ်ဆောင်ပါ- အမျိုးသမီးများ၏ တန်းတူရှိမှုနှင့် လေးစားမှုကို အားပေးထောက်ခံရန် သင့် လူမှုအသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများလုပ်ခြင်းအားဖြင့် လိင်တန်းတူရှိမှုကို တိုးမြှင့် ဆောင်ရွက်ပါ။ ၎င်းတွင် လိင်တန်းတူရှိမှု/ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေး အစီအစဉ် သို့မဟုတ် အရေးယူ ဆောင်ရွက်မည့် အုပ်စုတို့ ဖန်တီးပေးခြင်း၊ အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍ၌ ပါဝင်ရန် တိုက်တွန်းအားပေးခြင်း၊ နှင့် ခေါင်းဆောင် အသစ်များအတွက် လေ့ကျင့်သင်တန်း ပို့ချပေးခြင်းတို့ ပါဝင်ပါသည်။

ဖက်စပ်လုပ်ကိုင်မှုများ တည်ဆောက်ပြီး ပြောင်းလဲမှုအတွက် လှုပ်ရှားဆောင်ရွက်ပေးပါ- အခြားသော လူမှုအသိုင်းအဝိုင်း အုပ်စုများ၊ အဆက်အသွယ်ကွန်ခြာနှင့် ဘာသာရေး လူမှုအသိုင်းအဝိုင်းများတို့နှင့် ဆက်သွယ်ခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် DFSV ကို တားဆီးရန် သင့်အား ကူညီလေ့လာစေနိုင်ပြီး သင့် အလုပ်အား တောင့်တင်းခိုင်မာစေနိုင်သည်။ ဤသို့အားဖြင့် သင့် ဘာသာရေးနှင့် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များအား လုံခြုံသော ဝန်ဆောင်မှုများဖြင့် ဆက်သွယ်ရန်နှင့် အကူအညီနှင့် ပံ့ပိုးမှုကို ရှာဖွေရန်အတွက် သူတို့အား အားပေးတိုက်တွန်းရန် အခွင့်အလမ်းများကို ရရှိစေနိုင်သည်။

**DFSV ရင်းမြစ်များ**

အကြမ်းဖက်ပြီး နှိပ်စက်သော အပြုအမူတို့ကို သင် သိရှိရန်နှင့် စိန်ခေါ်ရန်အတွက် အထောက်အကူပြုရန် အမျိုးမျိုးသော ရင်းမြစ်မာများ ရှိပါသည်။ ၎င်းတို့မှာ-

1800 RESPECT – National Sexual Assault, Domestic Family Violence Counselling Service
Information about DFSV in different languages

Anglican Diocese Melbourne
Preventing Violence Against Women Program

AMES Prevention of Violence Against Women Leadership Project
Challenging Everyday Sexism – Part 1 and 2

Challenge Family Violence Project
Promoting Equality and Respect: An interfaith collaboration on preventing family violence

Church of Scotland – Integrity Strategy
Working to end violence against women Resources for tackling violence against women

Faith Communities Addressing Violence Against Women and Family Violence – What Works:
Key Tips for Effective Prevention in Faith Settings
University of Melbourne and Multicultural Centre for Women's Health

InTouch Multicultural Centre Against Family Violence
Empowering Faith and Community Leaders to Prevent Violence Against Women

Our Watch – Let's change the story: Violence against women in Australia

Our Watch – Prevention Practitioner Guide
(with examples for faith based contexts)

Our Watch – What Drives Violence Against Women?

Promoting Equal and Respectful Relationships in Faith Communities
Manual and toolkit

SASA! Faith
A Guide for Faith Communities to Prevent Violence Against Women and HIV
Trocaire and Raising Voices

The Man Box: A study on being a young man in Australia
The Men's Project – Jesuit Social Services

White Ribbon Australia resources

သင့်အနေဖြင့် DFSV ကို ဟန့်တားခြင်းနှင့်ဖြေရှင်းခြင်းနှင့်တကွ အမျိုးသမီးများနှင့်ကလေးများအား လုံခြုံအောင်ထားခြင်း လုပ်ရာ၌ အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နိုင်ပါသည်။
နောက်ထပ် သတင်းအချက်အလက်များကို 1800RESPECT (1800 737 732) တွင် ရရှိနိုင်ပါသည် သို့မဟုတ် www.1800RESPECT.org.au

**အရေးပေါ်ကိစ္စတွင် သို့မဟုတ် အကယ်၍ တစ်စုံတစ်ယောက်မှာ အန္တရာယ်တွင်းကျရောက်နေလျှင် ဖုန်း 000 ကို ချက်ချင်းခေါ်ပါ။**

ဤအချက်အလက်စာစောင်သည် DFSV နှင့်ပတ်သက်သည့် စာစောင် ၄ ခုအနက် တစ်ခုဖြစ်သည်။ DFSV ကြုံတွေ့နေရသည့် တစ်စုံတစ်ယောက်ကို ကူညီရန် သင် လုပ်နိုင်သည့် အရာနှင့်ပတ်သက်သည့် နောက်ထပ် သတင်းအချက်အလက်များကို အချက်အလက်စာစောင် ၂ တွင် ရရှိနိုင်သည်။ လိင်တန်းတူရှိမှုနှင့် လေးစားမှုတို့ကို မြှင့်တင်ပေးခြင်း အကြောင်း သိရှိရန် စာစောင် ၃ နှင့် ၄ တွင် ကြည့်ရှုပါ။